## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂ / ၂၀၂၅ )

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့်ဖြစ်စေ တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကိုသတ်ဖြတ်သည့်လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများ သိုလှောင်သည့် လုပ်ငန်းကိုဖြစ်စေ ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှတင်သွင်းမည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကင်းရှင်းခြင်း စသည်တို့ ရှိ မရှိ တို့ကိုစစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။"

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (န)တွင် ပါရှိသော “သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(င) လိုအပ်သည့် နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊”

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊”

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (တ) ၏ နောက်တွင် ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြု လက်မှတ်၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း တို့အတွက် ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေ များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊”

(ခ) မူလဥပဒေပုဒ်မခွဲ (ထ) ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့်ပစ္စည်းများ၊”

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ကို "အာမခံကြေး၊ နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၉)၏ နောက်တွင် အခန်း(၉-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၉ - က)**

**တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ်**

**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း**

၂၂-က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၂-ခ။ ပုဒ်မ ၂၂-ကပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂-ဂ။ ပုဒ်မ ၂၂-ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း ပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းများကိုစစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။"

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၁၁)၏ နောက်တွင် အခန်း(၁၁-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၁၁ - က)**

**မှတ်ပုံတင်ခြင်း**

၃၁-က။ တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျား မွေးမြူရေးလုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံ လုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၁-ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၃၁-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစားဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် –

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်–

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။”

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၇ ခေါင်းစဉ်၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၈ တို့၏ ခေါင်းစဉ်တွင် ပါရှိသော “ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်” ဆိုသည့် စကားရပ်ကို “ခွင့်ပြုလက်မှတ်၊ ထောက်ခံချက်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၄၄နှင့် ၄၉ တို့တွင်ပါရှိသော“သားသတ်ရုံတည်ထောင်ခြင်း”နှင့် “သားသတ်ရုံ တည်ထောင်ခြင်း လုပ်ငန်း”ဆိုသည့် စကားရပ်တို့ကို “သားသတ်ရုံလုပ်ငန်း”ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၃ ၏ နောက် တွင် ပုဒ်မ ၅၃ – က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

> “၅၃–က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့်အခြားအခကြေးငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။”

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

> “၅၅–က။ ဤဥပဒေဖြင့် ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ